# တောင်စွယ်တော်ချောင်ကျေးရွာ

# သုံးခွမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၂)


ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

တောင်စွယ်တော်ချောင်ကျေးရွာ၊ သုံးခွမြို့နယ်


(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)


၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ

## မာတိကာ


မာတိကာ ၁

စကားချီး ၅

တောင်စွယ်တော်ချောင်

ကျေးရွာသယံဇာတပြမြေပုံ၊ သုံးခွမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** ၈

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ ၂၀
(၈) ဦးစားပေးစီမံချက်များနှင့်ငှ် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၂
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၀

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၇၀
**ကိုးကားစာရင်း** ၇၅

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုး ပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း

အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

နိုဝင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
တောင်စွယ်တော်ချောင်ကျေးရွာ
သုံးခွမြို့နယ်

## တောင်စွယ်တော်ချောင် ကျေးရွာသယံဇာတပြမြေပုံ၊ သုံးခွမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ် ဖြစ် ကြောင်း သိရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော် တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွနိုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေ ကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်

သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတ အရင်းအမြစ်များ**

**(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား**

ကျေးရွာသည်သုံးခွတောင်စွယ်တော်ချောင်မော်တော်ကားလမ်းနှင့်ဧမိုင်ခန့်အကွာတွင် တည်ရှိပြီးတည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ သုံးခွမြို့နှင့် ၈မိုင်ခန့်ကွာဝေး၍ သွားလာရ လွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းသာဖြစ်သည်။ မိုးအခါစပါးစိုက်ပျိုး၍ ဆောင်းသီးနှံအဖြစ် ပဲတီစိမ်းကို စိုက်ပျိုးပါသည်။ ဒေသ၏(၁)နှစ်ပျမ်းမျှမိုးရေချိန်မှာ(၈၉)မှ(၁၀၀)လက်မဝန်းကျင်တွင်ရှိပြီးစိုက်ပျိုးရေးလုပ်ငန်းများအတွက်အသင့်အတင့် အထောက်အကူပြုပါသည်။ ကျေးရွာတည်ရှိရာသည် ကုန်းတွင်းပိုင်းတွင် တည်ရှိသော်လည်း တစ်ခါတစ်ရံမိုးလွန်မိုးများရွာသွန်းမှုကြောင့် ရိတ်သိမ်းချိန်နောက်ကျမှုရှိတတ်သည်။ စပါးအချို့ပျက်စီးမှုအနည်းငယ်ရှိတတ်သည်။ ကျေးရွာတည်ရှိရာသည်အနီးအနားတွင်တောတောင်မြစ်ချောင်းများမရှိဘဲ မြေပြန့်အနေအထားဖြင့်သဖြင့် ဆားငန်ရေဝင်ရောက်မှုမှ ကင်းလွတ်သည်။ လယ်ယာမြေများသည် စပါး၊ပဲတီစိမ်း၊မတ်ပဲစိုက်ပျိုးရန်နှင့် အသက်မွေးဝမ်းကျောင်းရန်အတွက်အဓိကအားထားရာဖြစ်ပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

စိုက်ပျိုးမြေ(၂၇၂.၇၀)ဧကရှိပြီး မိုးစပါးအပြည့်အဝစိုက်ပျိုးနိုင်သည်။ဆောင်းသီးနှံမတ်ပဲနှင့်ပဲတီစိမ်း(၂၄၃)ဧကစိုက်ပျိုးနိုင်သည်။ မြေဩဇာအလတ်စားအဆင့်ရှိပြီးကျွန်ုပ်တို့ကျေးရွာတွင်သာသဘာဝသယံဇာတမထွက်ရှိပါ။

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

အိမ်ထောင်စုပေါင်း(၉၀)စုရှိပြီး၊ ကျား(၁၇၄)၊ မ(၁၉၀)ဦးဖြင့်လူဦးရေပေါင်း(၃၆၄)ဦးရှိပါသည်။နိုင်ငံတော်၏ တစ်အိမ်ထောင်လျှင်ပျမ်းမျှနှုန်း(၅)ဦး နှုန်းရှိသော်လည်း ကျွန်ုပ်တို့ရွာ၏ တစ်အိမ်ထောင်လျှင်ပျမ်းမျှလူဦးရေမှာ (၄)ဦးသာရှိပါသည်။ ကျေးရွာတွင်ဗမာလူမျိုး၊ဗုဒ္ဓဘာသာကိုးကွယ်နေသူများသာနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျား(၁၂၅)ဦးနှင့်မ(၁၃၄)ဦးရှိသဖြင့် လူသားအရင်းအမြစ်ကောင်းဖြစ်ကာ လူငယ်များကိုလေ့ကျင့်သင်ကြားပေးပြီးဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်ပိုများသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည်လယ်သမားများမှာစိုက်ပျိုးရေးဖြစ်ပြီးလယ်ယာမဲ့များမှာလယ်ကူလီနှင့် ကြုံရာကျပန်းလုပ်ကိုင်စားသောက်ရသဖြင့် တစ်ရွာလုံး၏ဝင်ငွေအနေအထားလျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သက်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၁၆.၄၅)%သည်အလွန်ဆင်းရဲ၍ (၅၆.၄)%သည် ဆင်းရဲအဆင့်အဖြစ်ခံယူကြပြီး (၇.၀၅)%သည်ချမ်းသာသည့်အဆင့်၊ (၇.၀၅)%သည်အလယ်အလတ်အဆင့်ရှိကြသည်ဟုသက်မှတ်ကြသည်။ဥစ္စာခနအဆင့်(၁)နှင့်အဆင့်(၂)တို့မှာကွာခြားခြင်းမရှိပါ။

ယင်းတို့အနက်ဆင်းရဲဆုံးအဆင့်ရှိသောအိမ်ထောင်စုသည်ကျေးရွာတွင်အများဆုံးဖြစ်ပြီးမြေယာအနည်းငယ်ပိုင်သောလယ်သမားများ၊လက်လုပ်လက်စား၊ဆောက်လုပ်ရေးလုပ်ငန်းခွင်လုပ်သားများနှင့်မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုအရေအတွက်မြင့်မားပြီး(၅၅)%ထိရှိကာဆင်းရဲ အလွန်ဆင်းရဲအဆင့်ရှိအိမ်ထောင်စုများဖြစ်ကြသည်။

## (ဂ)ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက်လယ်ယာလုပ်ငန်း၊ နေ့စားလုပ်ငန်း၊ ကျပန်းလုပ်ငန်း၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများနှင့် တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာမှဆင်းရဲခြင်းနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏(၃၀)%ဖြစ်သော အိမ်ထောင်စုများကိုလေ့လာတွေ့ရှိစမ်းစစ်မှုအရယင်းတို့၏ (၆၅)%မှာအချေးအငှား၊ လုပ်အားပြုလုပ်ရောင်းပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း၊(၃၀)%မှာသူတစ်ပါးထံမှ ချေးငှားစားသုံး၍ နပ်မှန်စားသုံးနိုင်ကြကြောင်းတွေ့ရှိရသည်။ ကျန်သော(၁၉)%မှာလည်းသူတပါးထံမှချေးငှားရယူခြင်းဖြင့်ထမင်းနပ်မှန်စားသုံးနိုင်ကြောင်းတွေ့ရှိရပါသည်။အကြွေးတင်ရှိမှုတွင်အိမ်ထောင်စုအားလုံးသည် အကြွေးငွေ(၃)သိန်းကျပ်မှ(၁၂)သိန်းကျပ်ထိတင်ရှိနေကြသည်။ ပုံမှန်ဝင်ငွေရအလုပ်အကိုင်များမရှိသဖြင့် ဆင်းရဲနွမ်းပါးမှုရှိကြပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့်ကျန်းမာရေးကောင်းမွန်ကြပြီးအာဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်းကျန်းမာကြသည်။ သွေးလွန်တုပ်ကွေးရောဂါမှာယမန်နှစ်များက ဖြစ်ပွားမှုရှိသော်လည်း ယခုနှစ်ပိုင်းတွင်ပိုးလောက်လန်းနှိမ်နှင်းမှုကောင်းမွန်မှုတို့ကြောင့်ဖြစ်ပွားမှုမရှိကြောင်းတွေ့ရသည်။ အမျိုးသမီး၊လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့ သည်လည်းတစ်ကိုယ်ရည်သန့်ရှင်းရေးနှင့်ကျန်းမာရေးအသိအမြင်များရှိကြသည်။ကျေးရွာသားများ အနေဖြင့်အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင်ရရှိနိုင်ကြပြီး ကျန်းမာရေးလုပ်သားလူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကိုကျေးရွာတွင်ရရှိကြပြီးကျန်းမာရေးလုပ်သား တစ်ဦးရှိသဖြင့် ငှက်ဖျားရောဂါမရှိစမ်းသပ်ခြင်းနှင့်တီဘီရောဂါဖြစ်ခြေရှိရွာသားများအား ကျန်းမာရေးစစ်ဆေးမှုကိုအကူအညီရပါသည်။ ကျန်းမာရေးလုပ်သားမှသွေးပေါင်

ချိန်ခြင်း၊ဖျားနာခြင်းတို့အတွက်ဆေးဝါးအကူအညီများရပါသည်။၁ဂမိုင်ခန့်ဝေးကွာပြီးမော်တော်ဆိုင်ကယ်များဖြင့်တိုက်နယ်ဆေးရုံ၊ဆေးဆိုင်များနှင့်လည်းသွားလာရန်ခက်ခဲသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်သည်စာမတတ်မြောက်သူလုံးဝမရှိပါ။ မူလတန်းပညာရေးမပြီးဆုံးသူ(၁၄.၂ဂ%)၊ မူလတန်းပညာရေးပြီးဆုံးသူ(၂၉.၄၃%)၊ အလယ်တန်းပညာရေးပြီးဆုံးသူ(၁၂.၃ဂ%)၊ အထက်တန်းပညာရေးပြီးဆုံးသူ(၁.၅၂%)နှင့် ဘွဲ့ရ(၁.၂၅%)ရှိကြောင်းသိရသဖြင့်ပညာရေးတွင်အသင့်အတင့်ကောင်းမွန်မှုရှိပါသည်။

**(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ**

ကျေးရွာတွင်ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာလွတ်လပ်မှုရှိသည်။ကျား-မရေးရာဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်းကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရကောင်းစွာသက်မှတ်ထားကြသည်။ကျေးရွာတွင်ကျားနှင့်မအကြားပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည်သာမန်အားဖြင့်ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟုယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌မိန်းကလေးအရေအတွက်သည် ယောကျာ်းလေးရေအတွက်နှင့်ကွာခြားမှုမရှိဘဲအလယ်တန်းနှင့်အထက်တန်းများတွင်ကျားအရေအတွက်နှင့်မအရေအတွက်မှာ ကွာခြားမှုအနည်းငယ်ရှိပြီး အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာအမျိုးသားများနှင့်အတူပင်ဖြစ်သည်။ သို့သော်ကျေးရွာတွင်နေ့တွက် လုပ်ခငွေများမှာအမျိုးသားများကပိုမိုရကြသည်။ဥပမာအားဖြင့်လုပ်အားသဘာဝနှင့်အင်အားစိုက်ထုတ်ရမှုတူညီသော်လည်းအမျိုးသမီးများသည်အမျိုးသားများထက် လုပ်အားလျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူအမျိုးသမီးပါဝင်မှုတို့မှာအလွန်လျော့နည်းလျက်ရှိသည်။ကျား-မတန်းတူညီမျှမှုနှင့်ပတ်သက်၍အသိပညာပေးခြင်းများမြင့် တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှု၊ဖွံ့ဖြိုးတို့အတွက်ပိုမိုအထောက်အပံ့ဖြစ်လာနိုင်သည်။

**၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင်လူမှုရေးဆိုင်ရာအဖွဲ့(၄)ဖွဲ့ရှိပြီးဘာသာရေးနှယေည်ကျေးမှုဆိုင်ရာ(၁)ဖွဲ့ရှိသည်။ အမျိုးသား၊အမျိုးသမီးနှင့်လူမှုရေးကိစ္စများတွင်ပါဝင်ဆောင်ရွက်ကြသည်။ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့များသည် နှစ်စဉ်နှစ်ဆန်း(၁)ရက်နေ့တွင်သံဃာတော်များကိုပင့်၍ပရိတ်ရွတ်ပြီးအခါကြီးနေ့

ကြီးရက်များတွင်လည်းကဏ္ဍအလိုက်ဆောင်ရွက်မှုရှိသည်။ အဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့် ပတ်သက်၍ အဖွဲ့အစည်းများစွမ်းဆောင်ရည်မြင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါကဖွံ့ဖြိုးရေးဆိုင်ရာ စီမံ အုပ်ချုပ်မှုများပိုမိုကောင်းမွန်လာနိုင်ပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင်မိုးစပါးနှင့် ဆောင်းပဲသီးနှံ၊ ပဲတီစိမ်းကိုအဓိအားထားစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက(၂၇၂.၇၀)ဧကရှိပြီး ကောက်ပဲသီးနှံအဖြစ်ပဲတီစိမ်း(၂၄၃)ဧကစိုက်ပျိုးကြသည်။ မိုးစပါးပျမ်းမျှအတွက်နှုန်းမှာ(၁)ဧကလျှင်(၅၀)တင်းထွက်ရှိပြီးပဲတီစိမ်း(၁)ဧကပျမ်းမျှ(၈)တင်းထွက်ရှိသည်။

စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာဝန်ဆောင်မှုများမရရှိပါ။ စိုက်ပျိုးရေးကုမ္ပဏီ အချို့မှ တောင်သူများအတွက် စိုက်ပျိုးရေးနည်းနှင့်ပိုးမွှားရောဂါကျရောက်မှု၊ မြေဩဇာသုံးစွဲမှုနည်းပညာများလာရောက်ပို့ချမှုရှိသည်။ တောင်သူအများစုသည်လယ်ယာလုပ်ငန်းအတွက် အလုပ်သမားကိုငှားရမ်းရရှိနိုင်ကာ ကုန်ကျစရိတ်မြင့်မားသည်။ လယ်သမားအများစုမှာအလုပ်သမားမလုံလောက်မှုပြဿနာကိုရင်ဆိုင်နေရပြီး လုပ်အားခပိုမိုပေးမှအလုပ်သမားကို ငှားရမ်းရရှိနိုင်ကာကုန်ကျစရိတ်မြင့်မားသည့်လယ်သမားအများစုမှာအလုပ်သမားရှားပါးမှုနှင့်လုပ်အားခမြင့်တက်မှုကိုကျော်လွှားနိုင်ရန် အတွက်စပါးစိုက်ပျိုးရာတွင် တိုက်ရိုက်မျိုးစေ့ချစနစ်က အသုံးပြုလာကြသည်။ တစ်ခါတစ်ရံတွင် တောင်သူများသည်မိုးရွာသွင်းမှုမညီမျှခြင်းကိုရင်ဆိုင်ရတတ်သည်။ပဲတီစိမ်းစိုက်ခင်းများတွင်ဖျက်ပိုးများကျရောက်မှုကို ပိုမိုတွေ့ရှိရပြီးယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးတချို့ကိုခံနိုင်ရည်ရှိကြသဖြင့် တောင်သူများအနေဖြင့်ထိရောက်သော ဖျက်ပိုးနှိမ်နင်းရေးနည်းစနစ်ကိုလိုလားနေကြသည်။ ကျေးရွာဝက်မွေးသူ အိမ်ထောင်စု အရည်အတွက်မှာ တစ်ရွာလုံး၏(၁၃)စုရှိပြီး ဒေသမှ ဝက်မျိုးများကို မွေးမြူကြသည်။ ဒေသကြက်မွေးမြူသည့်အိမ်ထောင်စုအရည်အတွက်သည် (၄၅)စုခန့်တွင်ဝယ်လိုအားအလွန်ကောင်းသည်။ရာသီအလိုက်ဖြစ်ပွားတတ်သောရောဂါများမှာအထူးသဖြင့်ကြက်ဝမ်းကျရောဂါအဖြစ်များပြီးရောဂါကြောင့်သေဆုံးပျက်စီးမှုများရှိတတ်သည်။နည်းပညာဝန်ဆောင်မှုကိုမြို့နယ်တိမွေးကုရုံးမှရရှိနိုင်သော်လည်းဝန်ထမ်းမလုံလောက်မှုကြောင့်လွှမ်းမိုးဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ နွားမွေးမြူသောအိမ်ထောင်စုအရည်အတွက်မှာ(၈)ဦးခန့်ရှိသည့် ဒေသခံနွားများကိုသာမွေးမြူကြသည်။နွားများမှာရောဂါဖြစ်ပွားမှုအလွန်နည်းပါးသည်။ မွေးမြူရေးလုပ်ငန်းများဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများကမွေးမြူရေးလုပ်ငန်းတည်ထောင်တိုးချဲ့ဆောင်ရွက်ရန်ချေးငွေပံ့ပိုးမှုအလွယ်တကူမရရှိကြပေ။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင်အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူမရှိပါ။အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်၊ဆိုင်ကယ်ကယ်တီ၊ဈေးရောင်း၊ခေါင်းရွက်ဗျက်ထိုးနှင့်ကြုံရာကျပန်းလုပ်ငန်းတို့ဖြစ်ပါသည်။အခြားလုပ်ငန်းအများစုမှာရာသီဥတုနှင့်အမျိုးအစားအလိုက်တွက်ချေကိုက်မှုအနည်းအပါးမှအသင့်အတင့်ရှိသည်။လက်လုပ်လက်စားအလုပ်များမှာစိုက်ပျိုးရာသီများတွင်သာအလုပ်အကိုင်များပြီးကျန်အချိန်များတွင်အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့်တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီးထိုအခြေအနေမှာကျေးရွာ၏ အလားအလာကောင်းတရပ်ဖြစ်သည်။ မြို့ပေါ်တွင်အသက်မွေးဝမ်းကြောင်းသင်တန်းတချို့ကိုဝန်ဆောင်မှုပေးနိုင်သောလုပ်ငန်းများရှိကြသည်။အပ်ချုပ်၊ဇာထိုး၊ ဆံပင်အလှပြင်၊မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊မိုဘိုင်းဖုန်းပြင်၊ကားမောင်း၊ဝပ်ရှော့နှင့်ယခုအခါရိတ်သိမ်းလှေ့စက်မောင်း၊ ဘတ်ဟိုးမောင်းမြေတူး စသည်တို့သည် အသက်မွေးဝမ်းကြောင်းသင်တန်းများဖြစ်ကြသော်လည်းရွာသူ/သားအများစုသည် အဆိုပါသင်တန်းများနှင့် အထိတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်းအနည်းငယ်နိမ့်ကျကြပြီးသင်တန်းစရိတ်အကုန်ကျခံရန်နှင့်လုပ်ငန်းထူထောင်ရန်လည်းမတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာအပ်ချုပ်၊စက်ပြင်သင်တန်း များသို့အခကြေးငွေအကုန်ကျခံကာပို့လွှတ်သင်ကြားကြသည်။

## (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် ဆောင်းသီးနှံနှင့်ပဲတီစိမ်းစိုက်ခင်းများတွင် ဖက်ပိုးရောဂါများကျရောက်ခြင်း၊ ပိုးသတ်ဆေး၊ခာတုပိုးသတ်ဆေးများသုံးစွဲမှုများပြားလာသည်။အချိန်ကြာလျှင်မြေဆီလွှာပျက်စီးနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးပွားနိမ်နှင်းရေးနည်းပညာများနှင့်လက်တွေ့ကွင်းဆင်းအကောင်အထည်ဖော်ပေးနိုင်မှုရှိပါကပို၍အဆင်ပြေလိမ့်မည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်ဗူးခွံနှင့်ပုလင်းခွံများကိုစနစ်တကျမစွန့်ပစ်ကြသဖြင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် စိုက်ပျိုးရေးဘဏ်မှချေးငွေကိုတစ်နှစ်အတိုးနှုန်းဖြင့် (၁)ကေ(၁)သိန်းကျပ်နှုန်းဖြင့် အများဆုံး(၁၀)ကေအတွင်းသာ ချေးယူနိုင်ကြသည်။(၁၀)ကေအထက်ရှိသော လယ်သမားများမှာငွေကြေးအခက်အခဲရှိသည်။ ပဲသီးနှံစိုက်ပျိုးရန်အတွက်ချေးငွေမှာ (၁)ကေကျပ် (၅၀၀၀၀)ချေးသဖြင့်လုံလောက်မှုမရှိပါ။ စပါးပေါ်ချိန်တွင် လယ်ထွက်စပါးများကို ကျဈေးဖြင့် ရောင်းချရခြင်း၊ ငွေတိုးပေးသူအချို့ထံမှ အတိုးနှုန်းကြီးစွာဖြင့်ဓာတ်မြေသြဇာများကို ကုမ္ပဏီများမှအကြွေးစနစ်ဖြင့် ရောင်းချပေးသဖြင့်ဈေးကြီးပေးဝယ်ရသည်။ သက်ဆိုင်ရာအဖွဲ့အ

စည်းများ၏ပံ့ပိုးကူညီမှုရရန် အထူးလိုအပ်ပါသည်။ ကျေးရွာသားအများစုသည်ချေးငွေကိုငွေတိုး ချေးသူများထံမှလည်းကောင်း၊ အကြွေးစနစ်ဖြင့် ဝယ်ယူရခြင်း၊မိတ်ဆွေမိသားစုများထံမှလည်း ကောင်း၊ အလုပ်သမားခေါင်းဆောင်များထံမှလုပ်အားကြိုတင်ရောင်း၍လည်းကောင်း၊ အကြောင်း အရင်းမျိုးစုံအတွက်ချေးယူကြပြီးအထူးသဖြင့်စားနပ်ရိက္ခာအတွက်ချေးယူရခြင်းဖြစ်ကြပြီးကျေးရွာတွ င်ချေးငွေလိုအပ်မှုများပြားကြောင်းလေ့လာတွေ့ရှိရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာ၏ အလယ်တွင်အလျား၄၀ပေ၊ အနံ၃၀ပေနှင့်အမြင့်၁၂ပေရှိ မူလတန်းကျောင်းရှိ သည်။သွပ်မိုးအုတ်နံရံကာ၍ ဘေးပတ်လည်တွင်သံဇကာကာ၍ အဂတေအခင်းကျောင်းဆောင်ဖြစ် သည်။အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းကို အလန်းကုန်းကျေးရွာအထက်ကျောင်းတွင် သွားရောက်သင်ယူကြသည်။ ကျောင်းတွင်ပရိဘောဂလုံလောက်မှုမရှိပါ။ ယင်လုံအိမ်သာရှိပြီး သောက်ရေလှောင်ကန်မှာပျက်စီးယိုယွင်းနေပါသည်။ပြင်ပရပ်ဝေးမှသင်ကြားသောဆရာ၊ဆရာမများ နေထိုင်သောကျောင်းဆောင်မှာလည်း ပျက်စီးယိုယွင်းနေပါသည်။ ကျောင်းခြံစည်းရိုးမှာသံဇကာ ကာထားပါသည်။ လွန်ခဲ့သောနှစ်(၂၀၁၆၂၀၁၇)ပညာသင်နှစ်အတွက် အခမဲ့ပညာရေးစနစ်ကြောင့် ကျောင်းဝင်ကြေးမပေးရဘဲ ကျောင်းသုံးစာအုပ်၊စာရေးကိရိယာများအခမဲ့ကူညီပေးမှုရှိသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ။ ကျန်းမာရေးစောင့်ရှောက်မှုအနေ ဖြင့်ကျန်းမာရေးလုပ်သားတစ်ဦးသာရှိသည်။ (၁.၅)မိုင်ခန့်ကွာဝေးသော အလန်းကုန်းရွာတွင်ဆေး ကုဆရာဝန်တစ်ဦးရှိသဖြင့် ဆေးကုသမှုခံယူရန်အတွက် အတော်အသင့်အဆင်ပြေသည်။ ချမ်းသာ သောအိမ်ထောင်စုများကအိမ်သာကိုအုတ်၊ကွန်ကရစ်တို့ဖြင့်ဆောက်လုပ်ပြီးကျန်သော အိမ်ထောင်စု များမှာသစ်သား၊ဝါးတို့ဖြင့်ယင်လုံအိမ်သာကို အသုံးပြုကြသောကြောင့်ရေကြောင့် ဆက်စပ်ဖြစ်သော ရောဂါဖြစ်ပွားမှုနည်းပါးသည်။သောက်သုံးရေကိုမိုးကုန်ရာသီမှအစပြု၍အများသုံးသောရေကန်(၂)ကို အသုံးပြုကြသည်။တစ်ခါတရံမိုးရွာမှုနောက်ကျ၍မိုးခေါင်သောအခါသောက်သုံးရေကန်များအခက်အ ခဲဖြစ်၍အခြားရွာမှသယ်ယူကြပါသည်။သောက်သုံးရေကန်အခက်အခဲဖြေရှင်းနိုင်ရန်သင့်တော်သော အဝီစိစက်တပ်ရေတွင်းလိုအပ်နေပါသည်။ သောက်သုံးရေကန်(၂)အနက တစ်ကန်မှာသေးပယ်နေ ပါသဖြင့်ထပ်မံတူးဖော်ရန်လိုအပ်ပါသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက်အပန်းဖြေအနားယူနိုင်မည့်အနေအထားမရှိပါ။ ဥပမာ(ပန်းခြံ၊ အားကစားကွင်း၊စာကြည့်တိုက်)၎င်းတို့သည်ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်မှုရှိ သည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ဆောင်ရွက်သည့်လုပ်ငန်းသီးသန့်ဖော်ဆောင်ခြင်းမရှိ ကြသေးပါ။

## (ဇ) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင်လျှပ်စစ်မီးမရရှိသေးပါ။မဟာခေတ်အားလိုင်းအားနှင့်(၁.၅)မိုင်ဝေးသောနေရာတွင်တည်ရှိသဖြင့်ဆက်သွယ်ရန်လွယ်ကူမှုရှိပါသည်။ ကျေးရွာလူထု၏ဆက်သွယ်ရေးမှာမိုဖိုင်းဖုန်းများကိုအသုံးပြု၍စျေးကွက်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ရွာသားများသည်နေ့စဉ်သုံးအပတ်စဉ်ထုတ်သတင်းစာဂျာနယ်အသစ်များကိုဝယ်ယူနိုင်စွမ်းမရှိသော်လည်းအဟောင်းများကိုမြို့ပေါ်ရှိမိတ်ဆွေများထံမှအကူအညီရရှိပါသည်။ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးမှာ တစ်ရွာလုံးအတိုင်းအတာဖြင့်အတော်အသင့်ကောင်းမွန်ကြောင်းသိရှိရပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီးတည်ငြိမ်အေးချမ်းမှုကြောင့်ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ သို့သော်ရွာသားများသည်မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကိုအသုံးပြုနိုင်ကြပြီးလိုအပ်သောသတင်းအရင်းအမြစ်များအတွက်လိုအပ်သလိုဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်းချိတ်ဆက်ဆောင်ရွက်ထားသူမရှိသလောက်ပင်ဖြစ်သည်။ကျေးရွာတွင်သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ။အလန်းကုန်းရဲကင်းနှင့်(၁.၅)မိုင်ခန့်သာကွာဝေးသဖြင့်လုံခြုံရေးအလွယ်တကူချိတ်ဆက်နိုင်သည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

## (က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် လူဦးရေအားလုံး၏၆၀%သည် အလုပ်လုပ်နိုင်သောအရွယ်များဖြစ်ကြသည်။ အလယ်တန်းနှင့် အထက်တန်းပညာရေးပြီးဆုံးသူ လူဦးရေ၁၅.၀၇%ခန့်ရှိပြီး အသက်မွေးဝမ်းကျောင်းသင်တန်းများကိုလူငယ်များကိုလေ့ကျင့်သင်ကြားပေးခြင်းဖြင့်လူသားအရင်းအမြစ်များတိုးတက်ကောင်းမွန်စေနိုင်မည်ဖြစ်သည်။ကျေးရွာလူထု၏ကျန်းမာရေးအခြေအနေမှာယေဘူယျအားဖြင့်ကောင်းမွန်ပြီးကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့်ဝန်ဆောင်မှုများကိုလည်းအလွယ်တကူလက်လှမ်းမီနိုင်ကြသည်။ကျေးရွာသားများအတွက်စိုးရိမ်ရသာဆေးဝါးကုသမှုများအတွက်လည်းခရမ်းမြို့နယ်ဆေးရုံသို့သွားရောက်ပြီးဆေးကုသမှုများခံယူနိုင်သည်။ ကျေးရွာရှိစာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာလက်ရှိ ပညာရေးအနေအထားအတွက်အသင့်အတင့်ကောင်းမွန်ရုံရှိသည်။

သဘာဝအရင်းအမြစ်များတွင်လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အသင့်အတင့်ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များဖြစ်သည့်စပါးနှင့်ပဲတီစိမ်းများကို

ဈေးကွက်ရှိရာသို့ အလွယ်တကူ သွားရောက်ရောင်းချနိုင်သည်။မိုးရွာသွန်းမှုမှာ စပါးစိုက်ပျိုးရန်အတွက် လုံလောက်မှုရှိသော်လည်းမိုးလွန်မိုးများကြောင့် တစ်ခါတစ်ရံပျက်စီးဆုံးရှုံးမှုရှိသည်။ ကျေးရွာတွင်မွေးမြူရေးထွက်ကုန်ပစ္စည်းများရောင်းချရန် ဈေးကွက်ကောင်းသဖြင့်နွားနှင့် ကြက်မွေးမြူရန်အခွင့်ကောင်းသာသည်။ သို့သော်မွေးမြူရေးအောင်မြင်ရန်အတွက် လိုအပ်သောနည်းပညာပံ့ပိုးမှုများလိုအပ်သည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများမထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင်အားစိုက်ရပေမည်။ယင်းအတွက်လယ်ယာသုံးပစ္စည်းများ၊ မျိုးကောင်းမျိုးသန့်နှင့်စိုက်ပျိုးရေးဆိုင်ရာနည်းပညာများလိုအပ်နေကြောင်းသိရှိရပါသည်။တောင်သူများအနေဖြင့်ပဲ တီစိမ်းစိုက်ပျိုးရာတွင်ပိုးမွှားနှင့်ရောဂါအန္တရာယ်ကျရောက်မှုရှိသည်။ဘက်ပေါင်းစုံပိုးမွှားနှင့်ရောဂါကာကွယ်နှိမ်နင်းရေးနည်းပညာပံ့ပိုးကူညီမှုအားနည်းမှုရှိသည်။ကျေးရွာတွင်အခြားသောမြို့ပေါ်နှင့်နီးစပ်ရာများမှငွေတိုးချေးသူများရှိသော်လည်းအတိုးနှုန်းမှာမြင့်မားမှုရှိသည်ဘဏ်များမှကျေးရွာအရောက်ဝန်ဆောင်မှုပေးသောစနစ်မရှိဘဲချေးငွေလိုအပ်သောအိမ်ထောင်စုများမှာရရာထံမှအတိုးနှုန်းကြီးမြင့်စွာဖြင့်ရှာဖွေသုံးစွဲရသည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့်အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေး အတွက် အကန့်အသတ် ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိပညာ၊ အထိအတွေ့တို့ အားနည်းပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

## (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့်ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်ဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်း လာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်ကျောင်းနှင့် စီးပွါးရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာ သင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများကတဖန် ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့် မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

ခ.၃) ကျေးရွာတွင် စာသင်ကျောင်း၏ခြံစည်းရိုးကာရံပြီး KGကျောင်းတစ်ဆောင် ဆောက်လုပ်ခြင်း၊ယင်လုံအိမ်သာတစ်လုံးနှင့်ဖြင့် ကလေးငယ်များ၏အရည်အချင်းတိုးမြင့်လာရေးအတွက် ဆောင်ရွက်မည်။ ပညာရေးဌာန နှင့် ချိတ်ဆက်ပြီး အထက်တန်းကျောင်းခွဲတွင် ဘာသာရပ်အလိုက် ကျွမ်းကျင်မှု ပြည့်ဝသော ဆရာ/မ ခန့်ထားရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

၁.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့်ကျေးရွာသောက်သုံးရေကန်များတိုးတက်ကောင်းမွန်လာစေရေးအတွက်ဆောင်ရွက်သွားမည်။ကျေးရွာအဆောက်အဦးများကို ကာလရှည်သုံးစွဲနိုင်ရေးအတွက် စီမံခန့်ခွဲမှု၊ထိန်းသိမ်းစောင့်ရှောက်မှုများကိုလည်း အဖွဲ့အစည်းဖွဲ့၍ဆောင်ရွက်သွားကြမည်။ ကျေးရွာ၏လူမှုအဖွဲ့အစည်းများကိုလည်းကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန်ခေါင်းဆောင်မှု စွမ်းရည်များပိုမိုတိုးတက်မှုရရှိအောင်ကြိုးစား၍တိုက်တွန်းအားပေးပါမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ

နိုင်ငံတော်အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြု ချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင် ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့ အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ် များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစား ပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန် ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊

ကျေးရွာတွင် စပါးအပြင် ပဲတီစိမ်းကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုး ထိရောက်စွာ နှိမ်နင်းရေး အတွက် နည်းစနစ်ရရှိရေး လိုအပ်သည်။ ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများမရရှိပါ။ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိက အရောင်း ဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်း ရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု စိတ်ဖိစီးမှု ဖြစ်စေသည်။

နည်းပညာ အသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နှင်းရေးနည်းပညာ အသစ်ရရှိရေးအတွက် စိုက်ပျိုးရေး ဦးစီး ဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေ လိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်းဖွဲ့စည်းထားခြင်းမရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေ လိုအပ်သူရွာသားများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

**(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်း) အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးအထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှ သည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

**(င) ကျေးလက်ဈေးဆောက်လုပ်ရေး**

ကျေးရွာတွင် ဆိုင်ခန်း ၃၀ - ၄၀ ပါရှိသည့် ယာယီဈေးတစ်ခုရှိသည်။ လူကြီးခရီးစဉ်ကြုံကြိုက်စဉ်တို့တွင် ဈေးရောင်းချမှုကို ရွှေ့ဆိုင်းရတတ်သည်ကိုလည်း ကြုံရတတ်သည်။ မြို့နယ်အာဏာပိုင် အဖွဲ့အစည်းများက ရေ၊ သန့်ရှင်းရေးစနစ်နှင့် လမ်းတို့စနစ်တကျပါဝင်သည့် ဈေးအဆောက်အဦ တစ်ခုတည်ဆောက်ပေးရန် ပါဝင်ဆောင်ရွက်ပေးသင့်ပါသည်။ ငဖြူကလေး ကျေးရွာအပြင် အနီးပတ်ဝန်းကျင်မှ ရွာသူရွာသားအချို့ အတွက်လည်း အကျိုးခံစားမှု ရရှိစေနိုင်ပါမည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲ ထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက် သွားကြပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification) ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classifi - cation) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အုပ်ချုပ်ရေး ကဏ္ဍ* | | | | | |
| ***အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု*** | ၁။ အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးရေး။ | ၆၀ | ၈ | • ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း<br>• အလုပ်အမှုဆောင် ကော်မတီများ ဖွဲ့စည်းခြင်း<br>• ခေါင်းဆောင်မှု နှင့် ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများ စီစဉ် ခြင်း<br>• အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးသင်တန်းများ စီစဉ်ခြင်း | • ကျေးလက်/ ဦးစီး |
| *စိုက်ပျိုးရေး ကဏ္ဍ* | | | | | |
| **အခြေခံ အဆောက် အဦး နှင့် နည်းပညာ သင်တန်း** | ၂။ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက်ရေး | ၉၅ | ၂ | • စိုက်ပျိုးရေး သွင်းအားစုများ ဆက်သွယ်မှု ရရှိရန်<br>• ဈေးကွက် နှင့် သတင်းချိတ် ဆက်လုပ်ဆောင်မှု ပြုလုပ်ခြင်း<br>• မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေး နည်းပညာ သင်တန်း<br>• စပါးအထွက်တိုးနည်းပညာ သင်တန်း (ပိုးမွှား နှင့် ရောဂါ)<br>• ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုး မြှင့် ထုတ်ကုန် ဈေးကွက်သို့ တက် လှမ်းခြင်း။<br>• ရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်း နိုင်ရန် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း | • |
| *မွေးမြူရေး* | | | | | |
| **ဈေးကွက်နှင့် နည်း ပညာ သင်တန်း** | ၃။မွေးမြူရေးလုပ်ငန်းဆိုင်ရာ တိုးတက်ရေး | ၈၀ | ၅ | • တနိုင်တပိုင်မွေးမြူနိုင်ရန်အတွက်နည်းပညာနှင့်ငွေကြေးအကူအညီရ ရှိရေး | • |

| | | | | | |
|---|---|---|---|---|---|
| *စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်းများ* | | | | | |
| **အလုပ်အကိုင်အခွင့် အလမ်းများ များပြားလာရေး** | ၄။ အလုပ်အကိုင် အခွင့်အလမ်း များပြား လာစေရေး | ၇၅ | ၆ | • အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်နိုင်ရန်စက်ရုံအလုပ်ရုံများတည်ဆောက်ပေးခြင်း<br>• အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဖန်တီးပေးနိုင်ရန်အတွက်သက် ဆိုင်ရာ ဌာနများသို့ချိတ်ဆက်ပေးခြင်း | • ကျေးလက်/ ဦးစီး |
| *ဘဏ် နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း* | | | | | |
| **ချေးငွေ လက်လှမ်း မီရေး** | ၅။ သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး။ | ၈၆ | ၄ | • ချေးငွေဝန်ဆောင်မှုအဖွဲ့များနှင့်ချိတ်ဆက်ခြင်း<br>• အတိုးနှုန်းသက်သာပြီး ကာလရှည် ထုတ်ချေး ပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ပေးခြင်း<br>• ချေးငွေအတွက် လိုအပ်သော အထောက်အထားများ ပြင်ဆင်ခြင်း | • |
| *ပညာရေး* | | | | | |
| **ကလေး ပညာရေး ဖွံ့ဖြိုးရေး** | ၆။ ကျေးရွာ၏ပညာ တတ်မြောက်မှု တိုးတက် ရေး | ၇၀ | ၇ | • KGကျောင်းနှင့် ကလေးအားကစားကွင်း တည် ဆောက်ခြင်း။<br>• ဂါလံ (၂၀၀၀) ဆန့် မိုးရေလှောင်ကန် တည်ဆောက်ခြင်းနှင့် ရေသန့် စက်များ တပ်ဆင်ပေးခြင်း။<br>• ယင်လုံအိမ်သာနှင့်ကျောင်းခြံစည်းရိုးကာရံခြင်း<br>• ကျောင်းသုံးပရိဘောဂဝယ်ယူခြင်း | • |

*ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး*

| | | | | | |
|---|---|---|---|---|---|
| **သောက်သုံးရေ လုံလောက်စွာ ရရှိရေး** | ၈။ ကျေးရွာ၏ သောက်သုံးရေ ကိစ္စ အဆင်ပြေ စေရေး။ | ၉၀ | ၃ | • ၄ လက်မ စက်ရေတွင်း တူးဖော်ခြင်း။<br>• ရွာလူထုထံမှ ပူးပေါင်းပါဝင်မှု ရယူခြင်း။<br>• ပုဂ္ဂလိကအလှူရှင် ကျေးလက်ဒေသဖွံ့ ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း။ | • ကျေးလက်/ ဦးစီး |
| **လမ်း၊ တံတား ကောင်းမွန် လာစေရေး လျှပ်စစ်ရရှိရေး** | ၉။ ပို့ဆောင်ရေး အခြေခံ အဆောက်အဦများ တိုးတက် လာစေရေး<br>၁၀။မဟာဓာတ်အားလိုင်းမှ လျှပ်စစ်သွယ်ယူရေး | ၁၀၀ | ၁ | • သခွတ်စု-ဘုရားပျိုလမ်းအားပြုပြင်ခြင်းနှင့်ရွာတွင်းလမ်း များကွန်ကရစ်လမ်း ခင်းခြင်း<br>• မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြခြင်း<br>• ၁/၂မိုင်ဝေးကွာသော ဘုရားပျိုကျေးရွာမှလျှပ်စစ်မီးသွယ်ယူခြင်း | • ကျေးလက်/ ဦးစီး |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ဘက်စုံသုံးခန်းမတည်ဆောက်ရန် | ၁ | | | | | |
| ၂ | သောက်သုံးရေကန်တူးဖော်ရန် | ၂ | | | | | |
| ၃ | ကျေးလက်မှုလွှန်ရရှိရန် | ၃ | | | | | |
| ၄ | ကျေးလက်လျှပ်စစ်မီးရရှိရန် | ၄ | | | | | |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား

မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁ | ဘက်စုံသုံးခန်းမတည်ဆောက်ရန် | | | | | |
| ၂ | သောက်သုံးရေကန်တူးဖော်ရန် | | | | | |
| ၃ | ကျေးလက်မူလွန်ရရှိရန် | | | | | |
| ၄ | လျှပ်စစ်မီးလင်းရေးဆောင်ရွက်ပေးရန် | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုကျေးရွာလူထုကဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည် ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေး ကောင်းမွန်တိုး တက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့် ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှုတာဝန်ယူ ဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ် သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီ များ ရယူရပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက် မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအား တာဝန်အပ်နှင်း ဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက် ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင် အထည် ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ

တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်း အလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

